SHAN HUMAN RIGHTS FOUNDATION
shanhumanrights.org shanhumanrightsfoundation@gmail.com

ထုတ်ပြန်ချက်

မိုးမိတ်မြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်နေစဉ် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ကိုတိုးမြင့်ခဲ့ပြီး ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြု

၂၀၂၆ နိုဝင်ဘာလ ၂၃ ရက်

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်များနှင့် တိုက်ပွဲများ ပြင်းထန်နေစဉ် စစ်ကောင်စီတပ်သည် မိုးမိတ်မြို့မြောက်ဘက်ရှိ ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှုများ အရှိန်မြင့်လုပ်ဆောင်ခဲ့ရာ အရပ်သား ၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာ ၃ ရွာမှ ဒေသခံများကိုလည်း လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။

လက်ရှိပြင်းထန်သောတိုက်ပွဲများမှာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်တွင် တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် မိုးမိတ်မြို့မြောက်ဘက် မဘိမ်းမြို့သို့သွားရာ ကားလမ်းတစ်လျှောက်၌ စတင်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာလ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်ကောင်စီတပ်က မိုးမိတ်မြို့မြောက်ဘက်ရှိ ကျောက်တောင်ကျေးရွာ(၇မိုင်ကျေးရွာ)ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

နိုဝင်ဘာလ ပထမပတ်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် မိုးမိတ်-မဘိမ်း လမ်းတစ်လျှောက် တပ်စွဲထားသည့် တော်လှန်ရေးတပ်ဖွဲ့များကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ အဆိုပါ ထိုးစစ် မအောင်မြင်သဖြင့် စစ်ကောင်စီတပ်များ ပြန်လည်ဆုတ်ခွာခဲ့ပြီး မိုးမိတ်မြို့မြောက်ဘက်ရှိ ၇ မိုင်၊ ၅ မိုင်နှင့် ၄ မိုင် ကျေးရွာများတွင် တပ်စွဲအခြေချခဲ့သည်။

ထို့နောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာများသို့ အဝင်အထွက် ကန့်သတ်ပိတ်ပင်ခဲ့သည်။ တိုက်ပွဲကြား ပိတ်မိမည်ကို စိုးရိမ်သဖြင့် ဒေသခံရွာသားများက ထွက်ပြေးတိမ်းရှောင်ရန် ကြိုးပမ်းခဲ့သော်လည်း စစ်ကောင်စီတပ်သားများက ထွက်ခွာခွင့်မပြုဘဲ လူသားဒိုင်းအဖြစ် ပိတ်လှောင်ထားခဲ့သည်။

နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ၇ မိုင်ကျေးရွာတွင် ကျန်ရှိနေသည့် ဒေသခံများကို နေအိမ်များမှ ထွက်ခွာရန် အမိန့်ပေးခဲ့ပြီးနောက် တစ်အိမ်တက်ဆင်း ဝင်ရောက်ကာ ဆန်၊ စားနပ်ရိက္ခာများနှင့် အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်သွားခဲ့သည်။ ၅ မိုင်နှင့် ၄ မိုင် ကျေးရွာများတွင်မူ အရပ်သားများ ဆက်လက်ပိတ်မိနေဆဲ ဖြစ်သည်။

နိုဝင်ဘာလ ၁၄ ရက်နေ့ ညနေ ၆ နာရီမှ ၈ နာရီကြားတွင် စစ်ကောင်စီလေယာဉ်များက ၇ မိုင်ကျေးရွာတို့ကို လေကြောင်းမှ အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နေအိမ်အနည်းဆုံး ၅ လုံး ပျက်စီးခဲ့ပြီး အရပ်သား ၂ ဦး ဒဏ်ရာရရှိခဲ့သည်။

နိုဝင်ဘာလ ၁၅ ရက်နေ့ ညနေပိုင်းတွင်လည်း စစ်ကောင်စီတပ်ဖွဲ့များက Mi-35 တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြင့် ၇မိုင်ကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့သည်။

နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် စစ်ကောင်စီလေယာဉ်က ၇ မိုင်ကျေးရွာကို ထပ်မံဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကျေးရွာအနီးရှိ တောင်ယာတဲတစ်ခုတွင် စစ်ဘေးရှောင်နေသည့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုဝင်ဘာလ ၁၉ရက်နေ့တွင် စစ်ကောင်စီတပ်သည် မိုးမိတ်မြို့နှင့် ၂မိုင်အကွာအထိ ဆုတ်ခွါခဲ့ရပြီး ဒေသခံများကို မြို့အဝင်အထွက်ကန့်သတ်ကာ စစ်ဘေးရှောင်ခွင့်မပေးကြောင်းသိရသည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း မိုးမိတ်မြို့နယ်၌ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုမှု



ဆက်သွယ်ရန်:

Signal

စိုင်းဟော်ရှန်



ရှမ်း၊ အင်္ဂလိပ်

ယိုင်းလျန်းဟန်



မြန်မာ

စိုင်းဟတ်စစ်



ရှမ်း၊ အင်္ဂလိပ်၊ ထိုင်း